
အတွဲ ၆။ အမှတ် ၅။

# ရွှေသွေး ဂျာနယ်


၁၃၃၅ ခု၊ တပို့တွဲလဆန်း ၁၁ ရက် (၂-၂-၇၄)


## အစားပုပ် များ ချုပ်

ပန်းချီ —— ဦးဘကြည်။
ဇာတ်လမ်း —— ဒေါ်လေးစမ်း။




စနေနေ့တိုင်း ထုတ်ဝေသည်။



တခါတုန်းက "မောင်စာလေး" လို့ ခေါ်တဲ့ ယုန်ကလေးတကောင် ရှိသတဲ့။
ဟား ဟား ဟား ဟား
သူဟာ အင်မတန် ဆော့တတ်၊ ပျော်တတ်၊ နောက်တတ်၊ ပြောင်တတ်သတဲ့။
မောင်စာလေးတို့ နေတဲ့ အနားမှာ တောင်ယာ စိုက်စားတဲ့ တောင်သူကြီး တယောက်ရှိသတဲ့။
အဲဒီ ဘကြီးမှုံ ယာထဲရှိတဲ့ ကဇွန်းဥ၊ အာလူး၊ ခရမ်းချဉ်၊ မုန်လာဥ စသည်တို့ကို တောင်း စားယင်ရရက်သားနဲ့ မောင်စာလေးဟာ..
ဟိုဟို- ညှ-ညှ-ရိုးစား ရတာ—တွယ် အရသာ-ရှိပါလား
နံနက်မိုးလင်းလို့ အပင်တွေ ပျက်စီးနေတာ တွေ့ယင် ဘကြီးမှုံဟာ ထိပ်ခေါင်ပွတာတဲ့။
ငါက-တပင်တပန်း စိုက်ထား ....
..-သူတို့က လွယ်လွယ်ဘဲ လာရိုးစား၊ တောင်းစား ယင်လဲ-ပေးနေ သားနဲ့ .... ..တောက်
တညနေကျတော့ ဘကြီးမှုံဟာ
ဒီလို-ကျော့ကွင်းနဲ့ ထောင်ထားယင်-ဒီည လာရိုးတဲ့ကောင်တော့ မိနေမှာဘဲ
မိယင်-ငါ့အကြောင်း သိမယ်ကွ



ညတက်တွင် မောင်စာလေးသည် ခါတိုင်းကဲ့သို့ မုန်လာဥ သွားခိုးစားရင်း ကျော့ကွင်းမှာ မိနေပြီး သစ်ကိုင်းမှာ တွဲလောင်း ဖြစ်နေသတဲ့။
ဖုန်ကျွပါတဲ့။ ဒီတခါတော့ ခိုးစားတာ မိသွားပြီ
ဘကြီးမှုံ လာမှင်တော့ မသက်မှာသာ ခံရတော့မှာဘဲ
မကြာမီ ဝက်ဝံကြီးတကောင် ရောက်လာပြီး
အမယ်.... မောင်စာလေးပါလား၊ မင်း ဘာဖြစ်နေတာလဲ
ဟင်. ကိုရွှေဖီး လား
အော်
ဪ ကိုရွှေဖီးရဲ့ - အသာနေစမ်းပါ။ အလုပ်လုပ်နေတာဗျ
ဟင် - အလုပ်လုပ် နေတာ။ ဟုတ်စ - ဘာလုပ်တာလဲဟ -
ယာခင်းစောင့်နေတာလေ တနာရီ တကျပ် ရတယ်ဗျ
ဟေ - တနာရီ တကျပ်လား။ ဒီအလုပ် ငါတောင် လုပ်ချင်သေးတယ်
တကယ် လုပ်ချင်မှလဲ ပြောပါ
တကယ်ပါကွ မောင်စာလေးရဲ့ တနာရီ တကျပ်ဆိုတော့ - ရက် မျှောသိုး ဘိုးရတာပေါ့
ဒါဖြင့်ယင် - ကျနော့်ခါးက ကြိုးကိုဖြုတ်၊ ခင်ဗျားတဲ့စောင့်၊ ဘကြီးမှုံလာယင် - တနာရီ တကျပ် ကြိုးနဲ့တွက်ပေးလိမ့်မယ်
သို့ဖြင့်
ဖြုတ်ရ လွယ်သားဘဲ
ကြိုးကွင်းက ကိုရွှေဖီး ဗိုက်နဲ့ တော်မှာဟုတ်ဘူး။ လည်ပင်းမှာ တပ်ပေါ့
အေးပါ. ငါနားလည် ပါတယ်




မျှားမကြာမီ
အင်း— တနာရီ တကျပ်—တဲ့
သွားပြီ ကိုရွှေဖိုးရဲ့
အေး
ဝက်ဝံ ကိုယ်ခန္ဓာကြီးက လေးတော့ လှုပ် လိုက်တိုင်း ကြိုးတင်းပြီး ကျပ်လာပါရောတဲ့။
အမယ်လေး လည်ပင်းအစ် လာပါလား
မိုးလင်းတာနဲ့တပြိုင်နက် ဦးမှုံပေါက်လာပြီး
ဟာ— သူခိုးမိနေပြီ— ဟဲ— မှတ်လောက် သားလောက်အောင် တွယ်လိုက် မှသဲ
တင်းပုတ်နဲ့ နှက်မယ်
ငါ့မှုန်လာခင်းထဲ ခကာခကာ လာခိုးတာ ခင်ဗျားဖြစ်မယ်။ ကဲ - သေဘို့သာ မှင်ပေတော့
တနာရီ တကျပ် ဆို
ရိုးအုံးကွ
အား
တကျပ်ဆို
ဖုံး
ရွှေဖီးမှာ အလူးအလဲ ခံနေရသလောက် ချုံ ကွယ်မှ မောင်စာလေးမှာ အူနှိပ်နေရတာပေါ့။
ဖုံး
တကျပ်
ဖုံး
တကျပ်
တကျပ်
ဖုံး
ဖုံး
ဟား ဟား ဟား ဟား
ဟား ဟား


ထို့နောက် မောင်စာလေးဟာ အကျေနပ်ကြီး ကျေနပ်လျက် ကျောက်ဂူသို့ သွားပြီး အိပ်နေသတဲ့။
အိုး — ဖုံးတကျယ် - ဖုံးတကျယ်နဲ့ ဖုံးတကျယ် ရှိလိုက်ရတာ - အုန္နာနေတာဘဲ တလေလောက်တော့ မေ့ထားလိုက်အုံးမှ
အိပ်မောကျနေစဉ် ရွှေဖီးရောက်လာပြီး
ကျွတ် - ကျွတ် - ကျွတ် - ကျွတ်၊ တော်တော် ခံလိုက် ရတယ်။ တင်ပါးကို ကျိန်းနေတာဘဲ။
ခေါ် ခေါ် ခေါ်
ဟင် - တခေါခေါနဲ့ အိပ်နေတဲ့ - ငစာလေးဘဲ။ ငါ့အကြောင်း သိ စေ့မယ်ဟေ့
ပြောပြောဆိုဆို နွယ်ကြိုးတွေ ယူလာပြီး မောင် စာလေးကို ကြိုးနဲ့ တုပ်ထားလိုက်သတဲ့။
ကဲ
ငါ့ကို ချောက်တွန်းတဲ့ ကောင်၊ မိပြီ
နင့်ကို သတ်မယ်
ရွှေဖီးလက်မှ မလွတ်နိုင်ကြောင်း သိတော့ မောင်စာလေးဟာ အကျပ်အတည်း ဖြစ်နေပြီး
ကျ - ကျနော် - မှား ပါပြီ
ရှုတ် ရှုတ်
သတ် ချင်လဲ သတ်ပါ
ရှုတ် ရှုတ်
မသေခင် လေးတော့
ရှုတ် ရှုတ်
ဘယ်သူ့မှ မသိလိုက် မှာစိုးလို့.. ......
ရှုတ် ရှုတ်
ဘာ လျှာရှော အုံးမလို့ လဲ
...အင်မတန် အရသာထူးတဲ့ ပျားလပို့ကြီး တခုကို မြည်းမြဲ ပါရစေ...
ရှုတ် ရှုတ်
ဒီတော့ ပျားရည်အလွန်မက်တဲ့ ရွှေဖီးက
ဟေ
တကယ်


ဖင်း - အရုလိုက်ပြပါလား။ မင့်အသက်ကို ချမ်းသာပေးမယ်လေ
ဟုတ်ကဲ့
ပြပါ့မယ်
ထို့ကြောင့် တတောင်ဆင်း တတောင်တက်နှင့် မောင်စာလေးက ဝက်ဝံကြီးကို ခေါ်သွားသတဲ့။
နောက်ဆုံးတွင် သစ်ခေါင်းရှိသော သစ်ပင်ကြီးတပင်ကို တွေ့ရတော့မှ
အဲဟို သစ်ခေါင်းထဲမှာရှိတယ်
နံ့နံ့တော့ မြင့်တယ်
ဒီလောက်မြင့်တာ လောက်တော့ ငါတို့ဝက်ဝံတွေ က - ရီတာပေါ့
ကျေးဇူးဘဲဟေ့
ဒါပေမဲ့ ကိုရွှေဝါ......
ဘာ - ဒါပေမဲ့လဲကွ
သစ်ခေါင်းက - မှောင်တော့ ပျားလပို့ကို - ရုတ်တရက် မမြင်ရဘူးနော်
သိပါတယ်ကွ - ဒီပျားမျိုးမှ - အရမ်းချိုတာ
ချက်ချင်း မြင်ရတဲ့နည်း ရှိတယ်
ဘယ်လိုလဲ မြန်မြန်ပြောစမ်း
သစ်ခေါင်းထဲကိုလေ - ခင်ဗျား ခေါင်းနဲ့ သေသေချာချာ ငုံ့ကြည့်ပြီး (ဟပ် ချိုး) လို့ - သုံးခါ ကျယ်ကျယ်အော်လိုက်။ ပျားလပို့ကြီး အလိုလို ကြွတက်လာလိမ့်မယ်
အေး အေး



သစ်ခေါင်းဝသို့ ရောက်သွားတော့
အား....
ဟုတ်တာယ်
ဟ
မှောင်လိုက်တာမှ
မဲလို့
ပျားရော့တော့
သင်းနေတာသဲ
ပျားလယို့
တော့ မမွှင်
ရတူး
မောင်စာလေး
မှောတဲ့နည်း
စမ်းကြည့်
အုံးမှတဲ
သူ့ခေါင်းကြီးကို ထဲ့ပြီး ချေလိုက်သတဲ့။
ဟပ် ချီး ဟပ် ချီး ဟပ် ချီး
ထိုအခါ ပျားကြီးများအုပ်လိုက်ထွက်လာပြီး
ရှေ့ဖီးကို ဝိုင်းတုပ်ကြသတဲ့။
အား
သစ်ပင်အောက်ဆင်းပြေးတဲ့အထိ လိုက်တုပ်လို့
အော်ပြေးပြီး ဗုက္ခ ရောက်နေသလောက်
မောင်စာလေးမှာတော့ အူတက်နေတာတဲ
-တဲ့ကွယ်။
ဟားဟား
ပျားတုပ် ခံရ
သတဲ့
ဟားဟား



# ကြိုး


ကြိုးကြီးကြိုးငယ် အသွယ်သွယ်တို့ကို မည်သည့်အခါက စတင် အသုံးပြုလာခဲ့ကြသည်ဟု အတိအကျ သိရှိရန် ခဲယဉ်းသည်။ သို့ရာတွင် ရှေးခေတ်လူများသည် လိမ်ရှက်ကာ ပေါက်ရောက်နေသော နွယ်ပင်များကို အတုယူ၍ ကြိုးများကို စတင်ပြုလုပ်ခဲ့ကြသည်။


ရှေးအကျဆုံး ကြိုးမှာ အီဂျစ်နိုင်ငံ ဆက်ကာရ အရပ်ရှိ ဟင်မကာ သင်္ချိုင်းဂူမှ တူးဖော်ရရှိခဲ့သော ကြိုးခွေပင် ဖြစ်သည်။ ထိုကြိုးခွေသည် နှစ်ပေါင်း ၅၃၀၀ ကျော်မျှ ကြာမြင့်ပြီဖြစ်သော်လည်း မပျက်မစီးပဲ ရှိနေသေးသည်။

၁၉၄၂ ခုနှစ်တွင် အီဂျစ်နိုင်ငံ တူရားဂူများ၌ ပပိုင်းရပ် (စက္ကူလုပ်သော ကျူပင်)များဖြင့် ပြုလုပ်ထားသော ကြိုးခုနစ်ချောင်းကို တူးဖော်ရရှိခဲ့သည်။ ကြိုးတချောင်းမှာ ပိရမစ် တည်ဆောက်ရာတွင် အသုံးပြုသည့် ၆၈ တန် အလေးချိန်စီးသော ကျောက်တုံးကြီးများကို ချည်နှောင်သည့်ကြိုး ဟုဆိုသည်။

ရှေးခေတ် အီဂျစ်လူမျိုးတို့သည် ကြိုးများကို ဘီသွားလျှော်၊ ပပိုင်းရပ်ပင် စသည်တို့မှ ပြုလုပ်ကြသည်။


၁၇၉၂ ခု မတိုင်မီက ကြိုးများကို လက်ဖြင့်သာလျှင် ကျစ်ခဲ့ကြသည်။ ထို့နောက်မှ လက်ငင်ချည်မျှင်များကို စက်ဖြင့် ကျစ်ယူကြသည်။





## စက်ဖြင့်ကြိုးကျစ်ယူပုံ အဆင့်ဆင့်

စန်းအောင်




၁၉ ရာစု အလယ်လောက်တွင် ရေနွေးငွေ့အား အင်ဂျင်စက်များကို အသုံးပြုနိုင်သောအခါ အချင်းတလက်မထက် ကြီးသော ကြိုးကြီးများသာမက ကြိုးငယ်အမျိုးမျိုးကိုလည်း ကျစ်လာနိုင်ကြသည်။

များသောအားဖြင့် ပိုက်ဆံပင်၊ ဂုံလျှော်ပင်၊ ဘီသွားလျှော်ပင်တို့မှရသော လျှော်မျှင်များကို ကြိုးကျစ်ယူကြသည်။ အုန်းခွံမှ အုန်းဆံကိုလည်း ကြိုးကျစ်နိုင်သည်။


လှေ၊ ဖောင်၊ သင်္ဘောများနှင့် လိုက်ပါ၍ အသက်မွေးကြရသော ရေလုပ်သားတို့သည် ကြိုးကို အလွန်အသုံးများကြသည်။

သစ်ဝါး ခုတ်သူများ၊ စေတီပုထိုး တိုက်တာအိမ်ရာ တည်ဆောက်သူများ၊ ဆင်သမားများတို့သည် ကြိုးထုံးနည်း၊ ချည်နည်း အမျိုးမျိုးကို လေ့လာတတ်ကျွမ်းထားကြရသည်။

ပလပ်စတစ်အမျှင်များကို ကျစ်ယူသော နိုင်လွန်ကြိုးများမှာ အလွန်ခိုင်မာသဖြင့် ခြေအိတ်ထိုးရန်ကြိုး၊ လေထီးကြိုး၊ ရွက်လှေကြိုး၊ တောင်ပေါ်တက်ရန်ကြိုး၊ ငါးများကြိုး စသည်ဖြင့် အသုံးပြုကြသည်။

သံ၊ သံမဏိကြိုးများ၊ ကြေးကြိုးများသည်လည်း ယခုအခါ အလွန်အသုံးဝင်လျက် ရှိသည်။











ဗြဟ္မဒတ်
ဇာတ်လမ်း/ ကာတွန်း
တခါကတောအုပ်တခုမှာ သာလိကာတကောင်ဟာ မျောက်တကောင်နဲ့ မိတ်ဆွေဖြစ်နေကြသတဲ့
စားပါဦးဗျ
သုံးဆောင်ပါ့ခင်ဗျ
တနေ့ မိုးတွေရွာတဲ့အခါမှာ စနစ်တကျအိမ်ဆောက်ထားတဲ့ သာလိကာက....
ဟာ..ကိုမျောက်..ခင်ဗျားလဲ ဒုက္ခရမှာဖြစ်နေပြီလေ
အေးဗျာ..ဒုက္ခပါဘဲ
ခင်ဗျားမှာလူတွေနဲ့ ခြေလက်မျက်နှာ အစစအရာရာ တူပါရက်နဲ့ ဘာကြောင့် အိမ်တလုံးမဆောက်နိုင်တာလဲဗျာ..
လူနဲ့တူပေမဲ့ ပညာဉာဏ် ကွာတယ်ကွ..လူတွေကဉာဏ် ရှိကြတယ်လေ
ဉာဏ်ကွာပေမဲ့ဗျာ ခြေလက်အစုံ ရှိသားဘဲ ကြိုးစားပြီးကိုယ်နေဖို့ အတွက်တော့ဆောက်ဖို့ကောင်း ပါတယ်-အဲသလိုသာဆောက် ထားခဲ့လို့ရှိယင်
အခုခင်ဗျား ဒီလိုဒုက္ခတွေ့မှာ မဟုတ်ဘူး..
အင်း..ချမ်းလှတဲ့အထဲ တယ်စကားများတာဘဲ
ခင်ဗျားကိုယ်တိုင်ကမကြိုးစားဘဲ ပျင်းနေလို့ဒီလိုခံရတာလေ့ ဟား..ဟား
အင်း..ငါဒုက္ခရောက် နေတာမကူညီတဲ့အပြင် ခံနေမှန်း သိလို့ အပြစ်တွေပြောပြီးသြဝါဒ ပေးနေတာဘဲ..ဒီတော့.. ရှင်းသွားအောင်...
အင်း အိမ်ကိုဖျက်ပစ်မှ
ကဲ..စကားများအုံး
ဟ..ဟ.. ဒါ..ဘာလုပ်တာလဲဗျ
ဒုက္ခရောက်နေတုန်း မကူညီတဲ့အပြင် အပြစ် ပြောတဲ့အတွက် မိုးစိုခံ ပေတော့..
ဟင်း
"အခါမတွေးဗြဟ္မဒတ်ပေးခြင်း သည်အကျိုးမထင်။ ကိုယ်ပင်ဒုက္ခရောက် တတ်သည်"

မန္တလေးမြို့အထက်နား ဧရာဝတီမြစ်၏ အနောက်ဖက် ကမ်းနဘေးတွင် ဧရာမ ခေါင်းလောင်းကြီးတလုံးရှိသည်။ ထိုခေါင်းလောင်းကြီးကို ဘိုးတော်ဘုရားခေါ် ဗဒုံမင်းလက်ထက် ခရစ်သက္ကရာဇ် ၁၈၀၈ ခုနှစ်တွင် သွန်းလုပ်ပြီးစီးသည်။ ၁၈၃၃ ခုနှစ်တွင် သွန်းလုပ်ခဲ့သော ကမ္ဘာတွင် အကြီးဆုံး ခေါင်းလောင်းကြီးဖြစ်သည့် ဇာကိုလိုကော ဟုရင်ကြီး၏ ခေါင်းလောင်းထက် ဤခေါင်းလောင်းကြီးက နှစ်ပေါင်း ၂၅ နှစ်ပင် ရှေးကျခဲ့သည်။



## မင်းကွန်း ခေါင်းလောင်းကြီး

မင်းကွန်းစေတီ အနီး၌ရှိသော ဤ မင်းကွန်း ခေါင်းလောင်းကြီးမှာ အပြင်နှုတ်ခမ်းဝ ၁၆ပေ ၃ လက်မ၊ အတွင်းနှုတ်ခမ်းဝ ၄ ပေ ၈ လက်မ၊ အချင်း ၁၀ ပေ၊ အမြင့် ၁၁ ပေ ၆ လက်မရှိကာ အလေးချိန် ကြေးအချိန်ပိသာ ၅၅၅၅၅ (၉၀.၅၂ တန်) ရှိသည်။

ကမ္ဘာပေါ်တွင် အကြီးဆုံးခေါင်းလောင်းကြီး သုံးလုံးရှိသည်။ ပထမနှင့် ဒုတိယ အကြီးဆုံး ခေါင်းလောင်းကြီးများမှာ ရုရှနိုင်ငံတွင်ရှိသည်။ တလုံးမှာ တန်ချိန် ၂၀၀ ကျော် ရှိပြီး နောက်တလုံးမှာ ၁၂၈ တန်ရှိသည်။ မြန်မာနိုင်ငံမှ မင်းကွန်းခေါင်းလောင်းကြီးမှာ ကမ္ဘာတွင် တတိယအကြီးဆုံး ခေါင်းလောင်းကြီးအဖြစ် ထင်ရှားသည်။

## ဖေဖေရှိတဲ့ အချိန်မှာ

- မျိုးညွန့် (ရန်ကုန်တက္ကသိုလ်)



# တိကျသေချာပြောဆိုပါ

မကျေးကျေးခင်



"ဟောတော့ - ဟင်း တွေ အဟုန် ကြောင်စားသွားပြီ"

"ဟင်"

"ဟာ"

"မောင်လေးတို့ကိုအမပြော သွားတဲ့ ဟင်းအိုးကို ကြောင် အိမ်ထဲထည့်ခဲ့ပါလို့"

"ဟေ့— သားတို့ သမီးတို့ ဘာဖြစ်နေကြတာလဲ"

"ဟင်— ဖေဖေအလုပ်ကပြန် လာပြီ"

"သမီး မေမေရော ဘယ် သွားနေလဲ"

"မနက်ထဲက ဒေါ်လေး ဆေးရုံ ဟက်ရလို့ ရန်ကင်းအိမ် သွားတယ်။ ထမင်း ဟင်းတွေ ချက်ပေးထားခဲ့တယ်။ အဲဒါကို တိုးနဲ့ ညီညီတို့ မသိမ်း ခဲ့လို့ ကြောင်စားသွားပြီ"

"သားက ထမင်း စားပြီး တအိမ်လုံး အမှိုက်လှဲနေတော့ ဟင်းအိုးကို ကိုတိုး သိမ်းလိမ့် မယ် ထင်တာပေါ့"

"ဖေဖေ— သားလဲ သောက် ရေအိုးထဲ ရေထည့် နေရတော့ ညီညီသိမ်းခဲ့လိမ့်မယ်ထင်လို့"

"သမီးက သူတို့အရင်ထမင်း စားတယ်။ နောက် သူတို့နှစ် ယောက်လုံးကို ဟင်းအိုးကြောင် အိမ်ထဲ ထည့်ခဲ့ဘို့ ပြောခဲ့ပြီး အဝတ်တွေ သွားလျှော်ရတယ်"

"အင်း—အင်း သားတို့သမီး တို့ အခုလိုဖြစ်ရတဲ့ အကြောင်း ရင်းကို ဖေဖေ သိပြီ"

"အဲဒါ သမီးလိုတာ။ ကိုတိုး နဲ့ညီညီ တယောက်ယောက်ကို ဘယ်သူ ဟင်း အိုး သိမ်းခဲ့ ဆိုတာ တိတိ ကျကျ ပြောပြီး ခိုင်းရမယ်။ သူကိုလိုလို ငါ့ကို လိုလိုမဖြစ်စေရဘူး။ အခုတော့ ဖေဖေ ကောလိပ်တုန်းက သင်ခဲ့ ရတဲ့ အင်္ဂလိပ် ပုံလေးထဲကလို ဖြစ်နေပြီ"

"ဘယ်လိုလဲ ဖေဖေ"

"တခါတုန်းက ပေါ့ကွယ်၊ မိ သားတစုမှာ အမေရယ်၊ သမီး နှစ်ယောက်နဲ့ သားတယောက် ရှိသတဲ့။ တနေ့တော့ သားအမိ လေးယောက် ထမင်းစားနေရာ သားက –

'မနေ့က ဘောင်းဘီတထည် ဝယ်ခဲ့တာ နှစ်လက်မတောင် ရှည်နေတယ်။ အဲဒါ နှစ်လက်မ ဖြတ်ပြီး ပြန်ချုပ် ပေးထားစမ်း ပါ၊ ကျွန်တော် သွားစရာရှိလို့' လို့ ပြောပြီးအိမ်လည်ထွက်သွား သတဲ့။

အမေ ဖြစ်သူဟာ ထမင်း စားပြီးတော့ အနားယူဘို့ အိမ် အပေါ်ထပ်ကို တက်သွားသတဲ့။ အိမ်အပေါ်ထပ်ရောက်လို့ အိပ် မယ်လုပ်တော့မှ ထမင်းဝိုင်းမှာ သူသား ပြောခဲ့တာကို သတိရ လို့ သူသား အခန်းထဲ သွားပြီး ဘောင်းဘီအသစ်ကို နှစ်လက်မ ဖြတ်ပြီး ပြန်ချုပ် ထားလိုက် သတဲ့။ ဘောင်းဘီ ပြန် ချုပ်ပြီး ကြောင်းကိုလဲ ဘယ်သူ့မှမပြော ဘဲ အခန်းထဲမှာ ဝင်အိပ်နေ သတဲ့။

အမ ဖြစ်သူဟာလဲ ထမင်းစားပွဲသိမ်း၊ ပန်းကန်တွေဆေးပြီး မီးဖိုချောင် အလုပ်တွေပြီးတော့ သူ့အခန်းရှိရာ အပေါ်ထပ်ကို တက်လာခဲ့တုန်း သူ့မောင် မှာခဲ့တာကို ရုတ်တရက် သတိသွားရလို့ သူ့မောင်အခန်းထဲဝင်ပြီး ဘောင်းဘီကို နှစ်လက်မ ဖြတ်ပြီး ပြန်ချုပ်ပေးထားခဲ့ပြန်သတဲ့။

မကြာခင်မှာဘဲသမီးအငယ်ဆုံးကလဲ အဝတ်လျှော် ရေမိုးချိုးပြီးလို့ အိမ်ရှေ့ ထွက်ခဲ့ရာမှ 'ဟင်– အကို ဘောင်းဘီပြင်ခိုင်းထားသေးတယ်၊ အမေနဲ့ အမ လုပ်ပေးနိုင်မှာ မဟုတ်ဘူး၊ ငါ လုပ်ပေးထားမှ ဘဲလေ' ဆိုပြီး သူ့အကို အခန်းထဲ သွားပြီး ဘောင်းဘီကို နှစ်လက်မ ဖြတ်ပြီး ပြန်ချုပ်ပေးလိုက်ပြန်သတဲ့။

ကဲ– သား တို့ သမီး တို့၊ သူ့ဘောင်းဘီ ဘယ်လို ဖြစ်နေမလဲ စဉ်းစားကြစမ်း"

"ဘောင်းဘီက နှစ်လက်မ ရှည်နေတာကို သူ့အမေက နှစ်လက်မ ဖြတ်၊ သူ့အမနဲ့ ညီမက နှစ်လက်မစီထပ်ဖြတ်လိုက်တော့ လေးလက်မ တိုသွား မှာပေါ့ ဖေဖေ"

"ကဲ–ဒီတော့ သူ့ဘောင်းဘီ ဝတ်လို့ရပါအုံးတော့ မလား"

"ဟာ– ဘယ်ကောင်းတော့ မလဲ ဖေဖေ"

"အေး– အဲဒါ ဘာကြောင့် ဒီလို ဖြစ်ရသလဲ စဉ်းစားကြည့်ကြစမ်း။ သားလုပ်သူဟာ သူ့ဘောင်းဘီကို 'အမေ နှစ်လက်မ ဖြတ်ပြီး ပြန်ချုပ်ပေးပါ' လို့လဲ အမေကို သီးသန့်မပြော။ အမနဲ့ ညီမကိုလဲ ဘယ်သူ ပြင်ချုပ်ပေးပါလို့ သီးခြား ခွဲမပြော။ ဒါကြောင့် အခုလို ဘောင်းဘီ အသစ်ကြီး ပျက်စီးခဲ့ရတာ မဟုတ်လား"

"ဟုတ်တာပေါ့ ဖေဖေ"

"အခုလဲ ဒီလိုဘဲ သမီးကမောင်လေးတွေကို ဘယ်သူဘာလုပ်ဆိုပြီး တိတိကျကျ မခိုင်းခဲ့တော့ ကြားထဲက အချောင်ဟင်းအိုး ကြောင်အစားခံသွားရတာပေါ့။ အဲဒါ နမူနာဘဲ၊ နောက်ကို မြဲမြဲ မှတ်ထားကြ၊ ဘာဘဲ ပြောပြော ဘာဘဲလုပ်လုပ် တိတိကျကျမှန်မှန်ကန်ကန် ပြောဆို လုပ်ကိုင် တတ် ကြရမယ်"

"ဟုတ်ကဲ့ ဖေဖေ"

"ကဲ– ဖေဖေ ဟင်းထပ်ချက်ဖို့ ဈေးသွားဝယ်လိုက်အုံးမယ်"

"ဟုတ်ကဲ့ ဖေဖေ"

"သမီး ငရုတ်သီး ထောင်းထားလိုက်မယ်နော်– ဖေဖေ"

"အေး–အေး"

\+ + +

## တပို့တွဲ

တမာကနု ကျေးကဥ၊
ဆောင်းမှုန့်သို့လု။
နုဝေပုရစ် ဖူးတံချီ၊
ပေါက်လဲဝေဝေစီ။

ငွေရောင်ခြည် တောက်ပလင်း၊
မာဃနက္ခတ် ဟာဝင်းဝင်း။
ထန်းရည်နှင်းကြိုထန်းတောရှင်၊
တေးသံတလွင်လွင်။

လပြည့်ရက်တွင် ထမနဲ၊
ပွဲကြီးဆင်ကာနွှဲ။
လယ်တောထဲက လယ်ကွင်းပြင်၊
ရွှေဝါရောင်ပြေး အလှဆင်။

ရာသီစက်ခွင် သာမောစွ၊
နွေဦးပေါက်တဲ့လ။ ။

လက်ပံနီ



# ယောက်ဖခွေးခေါ်

R. 517



အော်သံကို အစွဲပြု၍ ခေါ်သော ယောက်ဖခွေးခေါ်ငှက်သည် ဥဩ ငှက်မျိုးထဲမှ ဖြစ်သည်။ ကိုယ်အလျားမှာ ၁၃ လက်မရှိ၏။ အတောင်နှစ်ဖက်သည် စွန်တောင်ကဲ့သို့ ရှည်လျား၍ အဖျား ချွန်လေသည်။

ဇန်နဝါရီလကုန်မှ ဇွန်လအတွင်းတွင် သူတို့၏ သာယာနာပျော်ဘွယ်ရာ အော်မြည်သံကို ကြားရတတ်၏။ တောအတွင်း တောင်ခြေမှာရော အမြင့်ပိုင်းမှာပါ တေးကို ထပ်ကာထပ်ကာ သီကျူး၍ ပျံသန်းနေတတ်သည်။ မည်မျှပင် သီကျူးစေကာမူ ယင်းတို့၏ တေးသံကိုနားထောင် ရသည်မှာ မငြီးငွေ့နိုင်ပေ။

ဧပြီလနှင့် မေလတွင် ယောက်ဖခွေးခေါ်ငှက်ကလေးများ ဥမှ ပေါက်ကြသည်။ တောတွင်းနှင့် တောင်ပေါ်၌သာ ကျက်စားကြ၍ ယင်းတို့ကို လွင်တီးပြင်၌ တွေ့ရခဲသည်။ မြန်မာနိုင်ငံ အပါအဝင် အရှေ့နိုင်ငံများ၌ အနှံ့အပြား တွေ့ရှိရသည်။

စိုးမြင့်



ရန်ကုန်မြို့၊ ၁၂၉-၁၃၁ ကုန်သည်[illegible]မာန်ဘာသာပြန်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး
ဦးသ[illegible]ကြီးက ကင်းလွှတ်ခွင့် [illegible]မြို့ [illegible]
[illegible]ညီလမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် ([illegible] ၀၀၃၂)တွင် ဦးကျော်ခိုင်းက ရိုက်နှိပ်သည်။

Read more Shwe Thway Journals at




🡻 Click below link 🡻

https://www.facebook.com/shwethwayjournal/